ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ်၊ ၃၆ /၂၀၂၂

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၁၀ ရက်)

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-ခ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ကမ္ဘာနှင့်အဝှမ်း ဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019 (COVID-19) ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် ပို့ကုန်တင်ပို့မှုအပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကောက်ခံခြင်းအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသည် ကြေညာချက်များ၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ ၁-၄-၂၀၂၀ ရက်မှ ၃၁-၁-၂၀၂၂ ရက်အထိ ကာလအတွက် ကင်းလွတ်ခွင့်ပြုခြင်းနှင့် ကင်းလွတ်ခွင့်အား သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

၃။ ယခုအခါ Coronavirus Disease 2019 (COVID-19) ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်းသက်သာစေရေးကို ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်နေဆဲဖြစ်ပါသဖြင့် ပို့ကုန်တင်ပို့မှုအပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကောက်ခံခြင်းအား ၁-၂-၂၀၂၂ ရက်မှ ၃၁-၃-၂၀၂၂ ရက်အထိ တိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုလိုက်သည်။

ဝင်းရှိန်

ပြည်ထောင်စုဝန်ကြီး

-------------------ooo-------------------

စာအမှတ်၊ စဘစ/ဘဏ္ဍာ-၁/၃/၁( ၁၅၁၀ /၂၀၂၂)

ရက်စွဲ၊ ၂၀၂၂ ခုနှစ် ၊ မတ်လ ၁၀ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး
ပြည်တွင်းအခွန်များဦးစီးဌာန

| | |
|---|---|
| သွန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးနိုင်ပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။ |
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) | ညီနောင်အသင်းသားများအားထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။ |

အမိန့်အရ

(မောင်မောင်ဝင်း)
ဒုတိယဝန်ကြီး